သမိုင်းကြောင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲအနေဖြင့် ၁၉၂၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက အမျိုးသား ကြက်ခြေနီအသင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ အသင်းများဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်းတစ်သင်းဖြစ်လာသည်။

ဥပဒေ တည်ရှိမှု

၁၉၅၉ ခုနှစ်တွင် နိုင်ငံတော်က အသင်းကို အမြဲတမ်း လူမှုကရုဏာအသင်းအဖြစ် အက်ဥပဒေပြဋ္ဌာန်းကာ တာဝန်ပေးအပ်ခဲ့သည်။ အဆိုပါအက်ဥပဒေအရ စိန်ဂျွန်းသူနာပြုတပ်ဖွဲ့ကို အသင်း၏ ကြက်ခြေနီသူနာပြုတပ်ဖွဲ့အဖြစ် ပြောင်းလဲပါဝင်ဖွဲ့စည်းထားခဲ့သည်။ ၎င်းအက်ဥပဒေကို ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်၊ ၁၉၈၈ ခုနှစ် တို့တွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယနေ့ခေတ် လိုအပ်ချက်၊ လုပ်ဆောင်ချက်များနှင့်ကိုက်ညီရန် ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ(၂၆)ရက်နေ့တွင် ဥပဒေ အမှတ် ၅၂ ဖြင့် ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို အတည်ပြု ပြဋ္ဌာန်းပေးခဲ့သည်။ ထိုဥပဒေကို အကောင်အထည်ဖော်ရန်အလို့ငှာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသင်း၏ နည်းဥပဒေကို ထုတ်ပြန်ပေးခဲ့သည်။

ဖွဲ့စည်းမှု

အသင်း၏အမြင့်ဆုံး အုပ်ချုပ်မှုမှာ ကြက်ခြေနီညီလာခံဖြစ်ပြီး ညီလာခံ သက်တမ်းအရ သုံးနှစ်တစ်ကြိမ် ကျင်းပပြုလုပ် ကာ ကောင်စီဝင်(၇၁)ဦးကို ညီလာခံက ရွေးချယ်တင် မြှောက်ပြီး ထိုကောင်စီဝင်များက အသင်း၏ ဆုံးဖြတ်ချက်များ၊ မူဝါဒများကို အတည်ပြု ချမှတ်ပေးသည်။ ထိုချမှတ်ထားသည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အဆိုပါ ကောင်စီဝင်များထဲမှ အလုပ်အမှုဆောင်(၁၁)ဦးကို ရွေးချယ်တင်မြှောက်ကာ အသင်း၏ မူဝါဒဆိုင်ရာနှင့် လမ်းညွှန်မှုလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သည်။

အသင်း၏ လူမှုကရုဏာလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာအရ တိုင်းနှင့် ပြည်နယ်(၁၇)ခုနှင့် ခရိုင်(၇၄)ခုတို့တွင် ကြက်ခြေနီကြီးကြပ်မှုကော်မတီများ၊ မြို့နယ်အသင်းခွဲပေါင်း(၃၃၀)သင်းတို့ဖြင့် အဆင့်ဆင့် စီမံခန့်ခွဲ အုပ်ချုပ်မှုစနစ်ဖြင့် ဖွဲ့စည်းထားရှိသည့် အပြင် အသင်းတွင် ပါဝင်လှုပ်ရှားနိုင်ရန် ရာသက်ပန်အသင်းသား၊ သာမန်အသင်းသား၊ တပ်ဖွဲ့ဝင်အသင်းသား ဟူ၍ အသင်းသား အမျိုးအစား(၃)မျိုး သတ်မှတ်ထားရှိသည်။

ပိုင်ဆိုင်မှု

အသင်းတွင်ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံပေါင်း(၃၀) ရှိပြီး တိုင်းနှင့်ပြည်နယ်အလိုက် ဖြန့်ကျက်ထားရှိကာ ဘေးအန္တရာယ်ထိခိုက်ခံစားရသူများအတွက် အချိန်နှင့်တပြေးညီ ကူညီထောက်ပံ့ပေးလျက်ရှိသည်။ ၂၀၂၀ ခုနှစ် စာရင်းဇယားများအရ (၂၁၁)မြို့နယ်တွင်မြို့နယ်အသင်းခွဲပိုင် မြေကွက်များ ရှိပြီး၊ (၁၄၄)မြို့နယ်တွင် ကြက်ခြေနီ အသင်းခွဲပိုင် ရုံး၊ အဆောက်အဦများ ပိုင်ဆိုင်ထားရှိပါသည်။

အသင်းဖွဲ့ဖြိုးတိုးတက်မှု

အသင်းအဆင့်တိုင်းတွင် ခိုင်မာသော စွမ်းရည်နှင့်အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုလာစေရေး၊ အသင်းသားများ တိုးပွားလာစေရန် စည်းရုံးဆောင်ရွက်ရေး၊ ကျား/မ အချိုးကျ ပါဝင်လာစေရေး၊ လူငယ်နှင့်စေတနာလုပ်အားရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တွင် အသင်းခွဲများအားလုံး အမှီအခို ကင်းစွာ ရပ်တည်နိုင်ရေးစသည့် အသင်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ကြိုးစားဆောင်ရွက်လျက်ရှိပြီး အသင်းခွဲများအနေဖြင့်ဆောင်ရွက်နေသည့် လုပ်ငန်းများအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိစေရေးအတွက် လိုအပ်သည့် အကြံဉာဏ်နှင့် နည်းပညာများ ဖြည့်ဆည်းပေးလျက်ရှိကာ အရည်အချင်း ပြည့်ဝသော လူမှုကရုဏာအသင်းဖြစ်စေရန် ရည်သန်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူငယ်နှင့် စေတနာလုပ်အားရှင်ဖွံ့ဖြိုးတိုးတက်မှု

လူငယ်နှင့် စေတနာလုပ်အားရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ ကြက်ခြေနီအသိပညာဆိုင်ရာ စွမ်းဆောင်ရည်မြင့်သင်တန်းများပေးခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်း၊ ဗဟုသုတနှင့်နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်များမျှဝေခြင်း၊ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုခြင်းနှင့်ချီးမြှင့်ခြင်း၊ ပြည်တွင်း/ပြည်ပသင်တန်းများစေလွှတ်ခြင်း၊ ထူးချွန်ကြက်ခြေနီများ ရွေးချယ်ကာ စခန်း သွင်း လေ့ကျင့်ပေး ခြင်း၊ မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိပါသည်။ ၎င်းအပြင် အခြေခံပညာကျောင်းများတွင် အငယ်တန်းကြက်ခြေနီများ

ပေါ်ထွန်းလာရန် ကျောင်းကြက်ခြေနီအသင်းခွဲငယ်များ ဖွဲ့စည်းခြင်း၊ ရေးဦးပြုစုခြင်းအသိပညာပေးခြင်း၊ ဘေးလုံး အားကစားအခြေပြုဘဝတွက်တာကျွမ်းကျင်စရာ သင်ခန်းစာများ သင်ကြားပေးခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျောင်းအတွင်း ဘေးကင်းရေးနှင့် လူငယ်များ ပါဝင်ရေး (Youth in School Safety) အစီအစဉ်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

လေ့ကျင့်သင်ကြားမှု

ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့၌ ကျွမ်းကျင်လျင်မြန်စွာဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ ခုနှစ် စာရင်းအရ ဒေသဆိုင်ရာအဆင့်သဘာဝဘေး တုံ့ပြန်ရေးအဖွဲ့(RDRT)၁၃ဦး၊အမျိုးသားအဆင့်သဘာဝဘေး တုံ့ ပြန်ရေးအဖွဲ့(NDRT) ၁၀၈ ဦး၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(ERT) ၁၇၅၉ ဦး၊ မိသားစု ပြန်လည်ဆက်သွယ်ပေးရေးလုပ်ငန်းတာဝန်ခံ ၆၄၅ ဦးတို့အား စနစ်တကျလေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။ ၎င်းအပြင် ကြက်ခြေနီဆိုင်ရာသင်တန်းများဖြစ်သည့် ရေးဦးပြုစုခြင်း အခြေခံ၊ နည်းပြ၊ နည်းပြမွမ်းမံသင်တန်းများ၊ စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာအားပေးကူညီမှုသင်တန်းများ၊ ကာကွယ်ခြင်း ကျား/မရေးရာနှင့် အားလုံးအကြုံးဝင်ပါဝင်မှုဆိုင်ရာသင်တန်းများ၊ လူထုအခြေပြု ကျန်းမာရေးနှင့်ရေးဦးပြုစုခြင်းသင်တန်းများ၊ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ၊ နည်းပြနှင့် ဆင့်ပွား သင်တန်းများ၊ ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ နည်းပြနှင့် ဆင့်ပွားသင်တန်းများ၊ မြို့ပြလူထုအတွင်း ဘေးဖြစ်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်ခြင်းသင်တန်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့်လိုက်လျောညီထွေစွာ ဆောင်ရွက်ခြင်း နည်းပြသင်တန်းများ၊

ငွေသား လွဲပြောင်းထောက်ပံ့ခြင်း အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ အခြေခံများ မိတ်ဆက်ခြင်းနှင့်နည်းပြသင်တန်းများ၊ ငွေသား လွဲပြောင်းထောက်ပံ့ခြင်း အစီအစဉ်ကောင်ထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာအခြေခံသင်တန်း၊ ကြိုတင်သတိပေးခြင်းနှင့် ဆောလျင်စွာတုန့်ပြန်ဆောင်ရွက်ခြင်းဆိုင်ရာနည်းပြနှင့်ဆင့်ပွားသင်တန်းများ၊ ကျောင်းအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးနည်းပြနှင့်ဆင့်ပွားသင်တန်း၊ ကျောင်းများဘေး ကင်းရေးတွင်လူငယ်များပါဝင်ဆောင်ရွက်ရေး ဦးဆောင်ဆွေးနွေးသူများသင်တန်း၊ အကူအညီ လိုအပ်နေသူများထံ အန္တရာယ် ကင်းစွာသွားရောက်ကူညီဆောင်ရွက်နိုင်စေရန်အတွက် အန္တရာယ် ကင်းစွာသွားရောက်လုပ်ကိုင်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ အခြေခံသင်တန်းများ၊ ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲများ၊ ကြက်ခြေနီ အသိပညာများ ပြန်လည်ပြန့်ပွားသူသင်တန်းများ၊ ပြန်ကြားဆက်သွယ်ရေးသင်တန်း၊ အသင်းခွဲဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာသင်တန်းများ၊ အရင်းအမြစ်စုစည်းအသုံးချရေးဆိုင်ရာ သင်တန်းများ၊ ဘဏ္ဍာရေးဆိုင်ရာသင်တန်းများ အစရှိသည့် သင်တန်းများကိုကြက်ခြေနီစေတနာလုပ်အားရှင်များသာမက စိမံချက်မြို့နယ်များတွင် ရပ်ရွာလူထုဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးအတွက် ရပ်ရွာလူထုကိုပါ သင်ကြားပေးလျက်ရှိပါသည်။

ပူးပေါင်းဆောင်ရွက်မှု

အသင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ မီးသတ်ဦးစီးဌာန အစရှိသော လုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ လခြမ်းနီ လှုပ်ရှားမှု၏ အဓိကအစိတ်အပိုင်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)နှင့် မိတ်ဖက်အသင်း (၁၆)သင်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက်မှ နိုင်ငံအတွင်း (in country) အနေဖြင့် မိတ်ဖက်အသင်း (၇)သင်းတို့နှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ အခြားမိတ်ဖက်များအဖြစ် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊(UNICEF၊ UNHCR) အစိုးရမဟုတ်သော ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်း (၁၅)ခု တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းတာဝန်

အသင်းသည် သဘာဝကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ၊ ပဋိပက္ခများကြောင့် ဖြစ်သော ထိခိုက်ခံစားရမှုများ အစရှိသည့် အမျိုးမျိုးသော ဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရဆုံးသူများအား ကြက်ခြေနီအခြေခံမူများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အသင်း၏ အဓိက လုပ်ငန်းတာဝန်များမှာ ဘေးအန္တရာယ် ဆိုင်ရာကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ၊ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းများ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းနှင့်လူထုအတွင်း ရှေးဦးပြုစုခြင်းအပါအဝင် ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများ၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ၊ ကိုယ်ခန္ဓာ ပြန်လည်သန့်စွမ်းရေးဆိုင်ရာ လုပ်ငန်များ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် ကြက်ခြေနီလှုပ်ရှားမှုဗဟုသုတ အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများ၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ၊ နေရပ်စွန့်ခွာပြည်သူများအား ကူညီထောက်ပံ့ရေးနှင့် မိသားစုပြန်လည်ဆက်သွယ်ပေးရေး လုပ်ငန်းများ အစရှိသည့် လုပ်ငန်းများကို ပြည်သူလူထုအတွက် ပံ့ပိုးကူညီပေးလျက်ရှိသည်။

အသင်းအနေဖြင့် အထက်ဖော်ပြပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာဘေးအန္တရာယ် စီမံခန့်ခွဲရေးကွန်ယက်၊ ပြန်ကြားဆက်သွယ်ရေး ကွန်ယက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း၊ မိတ်ဖက်ကြက်ခြေနီ လခြမ်းနီအသင်းများနှင့် ပြည်တွင်း/ပြည်ပအလှူရှင်များ၏အလှူငွေများအပြင်အသင်း၏ကိုယ်ပိုင်ရံပုံငွေတို့ဖြင့် အချိန်နှင့်တပြေးညီ လိုအပ်သည့် အကူအညီများ ပေးနိုင်ရန်လုပ်ငန်းတာဝန်များချမှတ်ကာကြိုးစားလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)သည် နိုင်ငံအတွင်း ရှေ့ကြိုးခြင်း၊ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းကျရောက်ခြင်း အစရှိသော သဘာဝ ဘေးအန္တရာယ်များ၊ ကမ္ဘာ့ကပ်ရောဂါကိုဗစ် -၁၉ ရောဂါကာကွယ်ခြင်းများ ပဋိပက္ခ၊ တိုက်ပွဲများနှင့်အကြောင်းအမျိုးအမျိုးကြောင့် နေရပ်စွန့်ခွာခဲ့ရသူများနှင့် ထိခိုက် ခံစားရသူ များအား ကြက်ခြေနီ အခြေခံမူများနှင့် အညီ ထိခိုက်ခံစားရမှု အများဆုံး ခံစားရသူများကို ဦးစားပေးကာ အဓိကထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကြက်ခြေနီ၏ အကူအညီများသည် အကူအညီလိုအပ်သူများ၏ လက်တကမ်းတွင် ရှိနေပါသည်။

လူတိုင်းအတွက်အမြဲကူညီ နေရာတိုင်းမှာ ကြက်ခြေနီ

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ရာဇသင်္ဘာလမ်း၊ ဒဂုံဏာသီရိမြို့၊ နေပြည်တော်၊

ဖုန်း – ၀၆၇ ၃၄၁၀၁၅၊ ၀၆၇ ၃၄၁၀၁၆

ဖက်(စ်) – ၀၁ ၃၈၃၆၈၃၊ ၀၆၇ ၃၄၁၀၃၆

website – www.redcross.org.mm

Facebook – www.facebook.com/info.mrcs

၂၀၂၃ ခုနှစ် စောင်ရေ (၅၀၀၀)

လူမှုကရုဏာလုပ်ငန်းဆိုင်ရာပြန်ကြားဆက်သွယ်ရေးဌာန

မြန်မာနိုင်ငံကြက်ခြေနီအသင်း

စတင်ဖွဲ့စည်းသည့်နှစ်	– ၁၉၂၀ ခုနှစ်
တပ်ဖွဲ့ဝင်အင်အား	– ၃၀,၀၀၀ ခန့်
စေတနာလုပ်အားရှင်အင်အား	– ၄၀,၀၀၀ ကျော်
ဝန်ထမ်းအင်အား	– ၆၀၀ ကျော်

(၂၀၂၀ ပြည့်နှစ် စာရင်းအရ)

မျော်မှန်းချက် – ပြည်တွင်းပြည်ပရှိ ဘေးအန္တရာယ်ကျရောက်လွယ်သူများအတွက် လူမှုကရုဏာ အကူအညီများ ပေးနိုင်သည့် စွမ်းဆောင်ရည် ပြည့်ဝသော အမျိုးသား ကြက်ခြေနီအသင်း ဖြစ်လာစေရန်။

လုပ်ဆောင်ချက်–အသင်းသည် အသင်းခွဲအရင်းအမြစ်များနှင့် စေတနာလုပ်အားရှင် အသင်းဝင်ကွန်ယက်တို့ပူးပေါင်း၍ ရပ်ရွာအခြေပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် လူမှုကရုဏာတန်ဖိုးများကို ပြန့်ပွားစေခြင်းဖြင့် ဘေးဒဏ်ပိုမို ကြံ့ကြံ့ခိုင် နိုင်စွမ်းရှိသော ရပ်ရွာလူထုများ ဖြစ်လာစေရန် နိုင်ငံတော်၏ လူမှုကရုဏာ အခန်းကဏ္ဍတွင် အရန်အင်အားအဖြစ် ဆောင်ရွက်သွားမည်။

ရည်ရွယ်ချက် – ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်